# မြန်မာ - ဘာသာပေါင်းစုံ သင့်မြတ်ရေးတတ်ကြွလှုပ်ရှားသူများကို လွတ်ငြိမ်းချမ်းသာခွင့် ကာလတွင် လွှတ်ပေးရန်

ကျန်ရှိနေသေးသည့် နိုင်ငံရေးအကျဉ်းသားများကို ချက်ချင်းလွှတ်ပေးပြီး တရားမျှတမှုမရှိသည့် ဥပဒေများကို ပယ်ဖျက်ရန်။

(ရန်ကုန်၊ မေလ ၂၄ရက်၊ ၂၀၁၇) - ယနေ့တွင် Fortify Rightsမှ (၂)နှစ်နီးပါး မန္တလေးထောင်တွင်ဖမ်းဆီးချုပ်နှောင်ခံရခြင်းမှ လွတ်မြောက်လာသူ ငြိမ်းချမ်းစွာဘာသာပေါင်းစုံ သင့်မြတ်ရေး တတ်ကြွလှုပ်ရှားသူများဖြစ်သည့် ဇော်ဇော်လတ်နှင့် ပွင့်ဖြူလတ်တို့ကို ကြိုဆိုခဲ့ပါသည်။ Fority Rights နှင့် အခြားသော လူ့အခွင့်အရေးအဖွဲ့အစည်းများမှ သူတို့အား ချက်ချင်းနှင့် ချွင်းချက်မရှိ လွှတ်ပေးရန် ထပ်ကာ တလဲလဲတောင်းဆိုခဲ့ကြသည်။

မြန်မာနိုင်ငံတော်သမ္မတ ဦးထင်ကျော်မှ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ တနည်းအားဖြင့် ၂၁ရာစုပင်လုံညီလာခံ၏ အစပြုခြင်း၏ အမှတ်အသားအနေဖြင့် ယနေ့တွင် ဇော်ဇော်လတ် အသက်၃၀ နှင့် ပွင့်ဖြူလတ် အသက် ၃၆နှစ်တို့အပါအဝင် အကျဉ်းသား ၂၅၉ဦးကို လွတ်ငြိမ်းချမ်းသာခွင့်ပေးရန်ထုတ်ပြန်ခဲ့ပါသည်။ နိုင်ငံတော် အုပ်ချုပ်ရေး စီရင်ဆုံးဖြတ်ခွင့် အမိန့်ဖြင့် နိုင်ငံအနှံ့အပြားရှိ အကျဉ်းထောင်များမှ မြန်မာနိုင်ငံသား ၁၈၆ဦး နှင့် နိုင်ငံခြားသား ၇၃ဦးအား လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ပါသည်။

"ကျွန်တော့် သတ်မှတ်ထားတဲ့ ရက်ထက်စောပြီး လွတ်မြောက်လာရတဲ့အတွက်ရယ် တခါပြန်ပြီး၊ လွတ်လပ်ခွင့်ရတဲ့အတွက် အတူတကွ ပူးပေါင်းပြီး ကူညီခဲ့တဲ့ အဖွဲ့အစည်းတွေကို အထူးကျေးဇူးတင်ပါတယ်"ဟု ဇော်ဇော်လတ်မှ Fortify Rights ကို ပြောခဲ့ပါတယ်။ "ဒါပေမဲ့လည်း ဆက်ပြီးအကျဉ်းကျခံရဖို့ ကျန်နေခဲ့တဲ့ သူတွေအတွက်တော့ ကျွန်တော်စိတ်မကောင်းဘူး"

ဖုန်းဖြင့် Fortify Rights ကို စကားပြောသည့်အခါ ဇော်ဇော်လတ်မှ "တရားမျှတမှုမရှိသည့်ဥပဒေများ"ကို ပယ်ဖျက်ပေးရန်၊ မြန်မာ ပြည်တွင်း ကျန်ရှိနေသေးသည့် နိုင်ငံရေးအကျဉ်းသားများ အကြောင်းကို ပုံဖော်ပြောပြခဲ့ပြီး ဥပဒေများကို အသုံးပြု၍ သူတို့အား အကျဉ်းချခြင်းသည် တိုင်းပြည်အား အနာများကို ကုသမှုမလုပ်ဘဲ ထားခြင်းဖြစ်သည်။ "အနာကို အပေါ်ယံကနေဘဲ ဆေးလိမ်းတာထက် ဒီခံရခက်တဲ့ ဆူးကို ဖယ်လိုက်မှဘဲ ဒီအနာက ကျက်လိမ့်မယ်" ဟု သူကပြောခဲ့ပါသည်။

ဖေဖော်ဝါရီလ ၂၆ရက် ၂၀၁၆ခုနှစ်တွင် မန္တလေးတိုင်းဒေသရှိ ချမ်းအေးသာဇံ မြို့နယ်တရားရုံးမှ လူဝင်မှုကြီးကြပ်ရေး (အရေးပေါ်ယာယီ) ဥပဒေ ၁၃(၁) ကို ချိုးဖောက်သည်ဆိုသည့် စွပ်စွဲချက်ဖြင့် ဇော်ဇော်လတ်နှင့်ပွင့်ဖြူလတ် တို့အား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၂နှစ် အပြစ်ဒဏ်ချမှတ်ခဲ့ပါသည်။ ထိုတရားရုံးမှပင် ထိုသူ၂ဦးတို့အား မတရားအသင်းဆက်နွယ်မှု ဥပဒေ ၁၇(၁) ကို ချိုးဖောက်သည်ဆိုသည့် စွပ်စွဲချက်ဖြင့် အပို ထောင်ဒဏ် ၂နှစ်ကျခံရန် ပြစ်ဒဏ်ချမှတ်ခဲ့ပါသည်။

ဘာသာပေါင်းစုံသင့်မြတ်ရေး ငြိမ်းချမ်းမှုအဖွဲ့၏ ကိုယ်စားလှယ် မွတ်ဆလင် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူ ၂ဦး မှ ခရစ်ယာန်အများစုနေထိုင်သော ကချင်ပြည်နယ် လိုင်ဇာမြို့တွင်အခြေချသည့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) ၏အုပ်ချုပ်ရေး ရုံးချုပ်သို့ ၂၀၁၃ခုနှစ် ဇွန်လတွင် သွားရောက်လည်ပတ်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ မတရားအသင်းဆက်နွယ်မှု ဥပဒေအောက်မှ အပြစ်စီရင်ချက်ချခဲ့ခြင်းဖြစ်ပါသည်။ ထိုကိုယ်စားလှယ်များမှ ခရစ်ယာန် လက်ဝါးကားတိုင်နှင့် ဗုဒ္ဓရုပ်ထု တော်တို့ကို ငြိမ်းချမ်းရေး နှင့် ဘာသာပေါင်းစုံ အတူတကွပူးပေါင်းနေထိုင်ရေး အတွက်ပေးခဲ့ပါသည်။ ဒါဇင်ပေါင်းများစွာသော နိုင်ငံသားများထို အဖွဲ့တွင်ပါဝင်ခဲ့ သော်လည်း မည်သူ မျှ တရားစွဲဆိုခြင်းမခံခဲ့ရပါ။

မြန်မာအစိုးရအာဏာပိုင်များမှလည်း ဧပြီလ ၂၀၁၄ခုနှစ်တွင် ချင်းပြည်နယ်သို့ လူမှုအကူအညီကယ်ဆယ်ရေး မစ်ရှင်သည် မြန်မာ-အိန္ဒိယနယ်စပ်တွင် ရှိနေစဉ် ဓာတ်ပုံများရိုက်ကူးခဲ့ခြင်းအတွက် ဇော်ဇော်လတ်နှင့် ပွင့်ဖြူလတ်တို့မှ လူဝင်မှုကြီးကြပ်ရေး (အရေးပေါ်ယာယီ)ဥပဒေကို ချိုးဖောက်သည်ဟု တွေ့ရှိခဲ့ပါသည်။ ထိုမစ်ရှင်အဖွဲ့သည် သင့်မြတ်လိုသူများ (ငြိမ်းရေးကိုရှာဖွေသူများနှင့် ယဉ်ကျေးမှုပေါင်းစုံ လုပ်ရှားမှု) မန္တလေးတိုင်းဒေသတွင် အခြေချသည့် ဘာသာပေါင်းစုံသင့်မြတ်လိုသူများ အဖွဲ့၏ ကိုယ်စားဝင်ရောက်ခဲ့ ခြင်းဖြစ်ပါသည်။

အစွန်းရောက် ဗုဒ္ဓဘာသာဝင် အဖွဲ့အစည်းဖြစ်သည့် (မဘသ) အမျိုးဘာသာ သာသနာစောင့်ရှောက်ရေး အဖွဲ့အစည်း မှ ဇော်ဇော်လတ်နှင့် ပွင့်ဖြူလတ်တို့အား ဆန့်ကျင်ရန် အများပြည်သူ များအားစည်းရုံးလှုံ့ဆော်ခဲ့ခြင်းကြောင့် ဖမ်းဆီးခြင်းနှင့် ချုပ်နှောင်ခြင်း တို့ကိုဖြစ်ပေါ်စေခဲ့ခြင်းဖြစ်ပါသည်။ ဇွန်လ ၉ရက်နေ့ ၂၀၁၅တွင် မဘသ၏ အတုမရှိ ဂျာနယ် မန္တလေးရုံးခွဲမှ ၅မျက်နှာ ဆောင်းပါးကိုပုံနှိပ်

ထုတ်ဝေ၍ ဇော်ဇော်လတ်အား "ဘာသာတရား ကို စော်ကားခြင်း" အတွက် မြန်မာအစိုးရအာဏာပိုင်များအနေဖြင့် "တရားဥပဒေနှင့် အညီအရေးယူရန်နှင့် သူ့အားပြစ်ဒဏ်ပေးရန်" တောင်းဆိုခဲ့ပါသည်။ ဇော်ဇော်လတ် အဖမ်းခံရပြီးနောက် ၅ရက် ဇူလိုင်လ ၁၄ရက် ၂၀၁၅ ခုနှစ်တွင် ပွင့်ဖြူလတ်အဖမ်းဆီးခံခဲ့ရခြင်းဖြစ်ပါသည်။

ယခုအပတ် အစောပိုင်းတွင် မြန်မာ ဘာသာအတိုကောက်အားဖြင့် မ-ဟ-န ဖြစ်သည့် နိုင်ငံတော် သံဃ မဟာ နာယက ကော်မတီ ၏ မြန်မာ ဗုဒ္ဓဘာသာဝင် အာဏာရှိသူအကြီးအကဲမှ တရားမဝင်အဖွဲ့အစည်းဟု ဆုံးဖြတ်ကာ မဘသ အားထိရောက်စွာ ပိတ်ပင်တားမြစ်ခဲ့ပါသည်။ ဇူလိုင်လ ၁၅ရက်နေ့မှ စတင်၍ မဟာန မှ တဦးချင်းဖြစ်စေ (သို့) အဖွဲ့လိုက်ဖြစ်စေ မည်သည့်ရည်ရွယ်ချက်နှင့် မဆို မဘသ အလံအား အသုံးပြုခြင်းကို ပိတ်ပင်တားမြစ်ပါသည်။

မြန်မာအစိုးရအနေဖြင့် ကျန်ရှိနေသေးသည့် တဖက်သက်ဖြင့် ဖမ်းဆီးချုပ်နှောင်ထားသူ တဦးချင်းစီအား ချက်ချင်းနှင့် ချွင်းချက်မရှိ လွှတ်ပေးသင့်ကြောင်း Fortify Rights မှ ယနေ့ပြောကြားလိုက်ပါသည်။ ထိုအထဲတွင် ရခိုင်တိုင်းရင်းသား လူ့အခွင့်အရေးကာကွယ် စောင့်ရှောက်သူ ခိုင်မျိုးထွန်း ၃၄နှစ်၊ ကချင်တိုင်းရင်းသား ဘာသာရေးခေါင်းဆောင်များဖြစ်သည့် Langjaw Gam Seng ၃၅နှစ်နှင့် Dumdaw Nawng Lat ၆၅နှစ် တို့အပြင် နိုဝင်ဘာလမှစတင်၍ တဖက်သက်ဖမ်းဆီးချုပ်နှောင်ထားသည့် ရိုဟင်ဂျာ ရာပေါင်းများစွာနှင့် အခြားသူများပါဝင်ပါသည်။

"ဇော်ဇော်လတ် နဲ့ ပွင့်ဖြူလတ် တို့ကို ဒီနေ့ လွှတ်ပေးတဲ့ အတွက် ကျွန်တော်တို့ မြန်မာအစိုးရကို ချီးကျူးပါတယ်" ဟု Fortify Rights ၏ စီမံအုပ်ချုပ်ရေး အကြီးအကဲဖြစ်သူ Matthew Smith မှ ပြောကြားပါသည်။ "သူတို့အစကတည်းက လုံးဝဖမ်းဆီးထောင်ချတာ မခံခဲ့ရသင့်ဘူး ပြီးတော့ အခုအချိန်မှာ နိုင်ငံရေး အကျဉ်းသားအားလုံးကို လွှတ်ပေးဖို့ သေသေချာချာလုပ်ရမယ်"